ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# သတင်းလွှာ

အတွဲ (၁) | ၁၆ ဒီဇင်ဘာ ၂၀၂၁ | အမှတ် (၃)

## လူ့အခွင့်အရေး အသံတိတ်သပိတ် အောင်မြင်မှုအပေါ် ပြည်သူများအား ကျေးဇူးတင်စကား




ဒီလက်ခုပ်သံကတော့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့၊ ဒီဇင်ဘာလ (၁၀)ရက်နေ့ မနက် (၁၀)နာရီမှ ညနေ (၄)နာရီအထိ တိတ်ဆိတ်သပိတ်၊ ဆိတ်ငြိမ်သပိတ် စတဲ့သပိတ် အင်အားကြီးတဲ့ အခန်းကဏ္ဍမှာ အသီးသီးပါဝင်ကြတဲ့ ပြည်သူများကို လေးစားဂုဏ်ပြုခြင်းအားဖြင့် တီးလိုက်တဲ့ လက်ခုပ်သံဖြစ်ပါတယ်။ တချိန်တည်းမှာပဲ ဒီလက်ခုပ်သံဟာ တိုင်းပြည်ရဲ့ အာဏာကို အာဏာသိမ်းဖို့ ကြိုးစားရင်း ပြည်သူပြည်သားတွေအားလုံးကို အကြမ်းဖက်ဖြိုခွင်းဖို့အတွက် လုပ်ဆောင်ပြီးတော့ တကယ်တမ်းစိတ်ဓာတ် တုန်လှုပ်ခြောက်ခြားနေတဲ့ အကြမ်းဖက် စစ်ကောင်စီကို နောက်ထပ်ပြီးတော့ ခြိမ်းခြောက်လိုက်တဲ့ အသံပဲဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အင်အားနဲ့ ကျွန်တော်တို့ အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပါတယ်။ အသံအကျယ်ဆုံးဖြစ်တဲ့ တိတ်ဆိတ်ငြိမ်သက်မှုအသံကို အကြမ်းဖက် စစ်ကောင်စီအနေနဲ့ ရရှိသွားပြီဖြစ်ပါတယ်။ တချိန်ထဲမှာပဲ ယခုအချိန်အထိ ဆက်လက် တိုက်ပွဲဝင်နေကြတဲ့ ပြည်သူလူထုရဲ့ မပြီးဆုံးသေးသော တိုက်ပွဲခေါ်သံကို တစ်ကမ္ဘာလုံးကလည်း အသိအမှတ်ပြုပြီးသားလည်း ဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ အောင်မြင်တဲ့အတိတ်၊ အောင်မြင်တဲ့နမိတ် ဖြစ်တဲ့ လက်ခုပ်သံနဲ့ ကြိုဆိုလိုက်သလို နောက်ထပ် စစ်အာဏာရှင် မပြုတ်မချင်း ဆက်လက်လုပ်ဆောင်သွားကြမယ့် နည်းပေါင်းစုံနဲ့ ဆန္ဒကျင်မှုတွေ၊ တော်လှန်မှုတွေမှာလည်း ဆက်လက်ပါဝင်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး**

## စစ်အာဏာရှင် ဆန့်ကျင်ရေး သံပုံးတီးဆန္ဒဖော်ထုတ်မှုအပေါ် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- ဒီဇင်ဘာလ ၇ ရက်နေ့ ည စစ်အာဏာရှင်ဆန့်ကျင်ရေး သံပုံးတီးဆန္ဒဖော်ထုတ်သဖြင့် တာမွေမြို့နယ် အင်းဝလမ်း၊ အောင်မင်္ဂလာမ်း၊ တောင်ဒဂုံမြို့နယ် ၁၈ ရပ်ကွက်တို့တွင် အကြမ်းဖက်စစ်အုပ်စုက ပြည်သူများကို ဆဲဆိုပြီး ပြည်သူပိုင်များ ရိုက်နှက်ဖျက်ဆီးကာ ပြည်သူများကိုလည်း ရိုက်နှက်ခဲ့သည်။

- ရန်ကုန်တိုင်း တာမွေမြို့နယ်တွင် ဒီဇင်ဘာလ ၇ ရက်နေ့ ည ၈ နာရီတွင် သံပုံးတီးဆန္ဒဖော်ထုတ်ခဲ့သဖြင့် ရပ်ကွက်နေပြည်သူ ၁၀ ဦးကို အကြမ်းဖက်စစ် အုပ်စုတပ်ဖွဲ့များက ဝင်ရောက်ဖမ်းဆီးခဲ့သည်။

- ရန်ကုန်၊ သာကေတမြို့နယ် ထူပါရုံ (၂) လမ်း အနောက်ရပ်ကွက်က နေအိမ်တွင် သံပုံးတီးသည့် ဖခင်နှင့် ကလေးနှစ်ဦး အပါအဝင် မိသားစု သုံးဦးကို ဒီဇင်ဘာ ၆ ရက်နေ့တွင် စစ်ကောင်စီက ဖမ်းဆီးသွားခဲ့သည်။

> ရာဇဝတ်မှုမကတော့ဘူး။ ဒီပုံစံတွေက အကြမ်းဖက်လုပ်ရပ်ဖြစ်သွားပြီ။ ယဉ်ကျေးတဲ့လူမှုအသိုင်းအဝိုင်းမှာ လူ့အခွင့်အရေးအကြောင်း ရာဇဝတ်မှုအကြောင်းတို့ ပြောတာနားလည်ပေမယ့် အခုလုပ်ဆောင်ချက်တွေက အရှင်လတ်လတ်မီးရှို့တဲ့ အခြေအနေဆိုတော့ အရိုင်းအစိုင်းစိတ်ဖြစ်သွားပြီ။ အရမ်းကိုဆိုးသွားပြီ။ ကြည့်မြင့်တိုင်မှာလည်း လူအုပ်ကြားထဲဝင်ပြီး ကားနဲ့တိုက်သတ်သွားတယ်။ ဒါမျိုးဟာ အရမ်းဆိုးရွားတဲ့ လုပ်ရပ်တွေပါပဲ။ အဲ့ဒါကြောင့် လူ့အခွင့်အရေးချိုးဖောက်ပါတယ်၊ ရာဇဝတ်မှုကျူးလွန်ပါတယ်တောင်မပြောချင်တော့ဘူး။ အကြမ်းဖက်လုပ်ရပ်တွေကို ကျူးလွန်နေတဲ့ အကြမ်းဖက်အုပ်စုဖြစ်သွားပါပြီ။



ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း
**DVB** သတင်းဌာန နှင့် အင်တာဗျူး

## အကြမ်းဖက်စစ်ကောင်စီမှ ရွာထဲရှိ ပြည်သူများကို ရဟတ်ယာဉ်ပေါ်မှ ပစ်ခတ်၍ သေဆုံးမှုများရှိခဲ့

ဒီပဲယင်းမြို့နယ် အနောက်ဘက်ခြမ်းရှိ နှောနယ်ရွာ၊ မြောက်ဘက်ခြမ်း တန့ဆည်နှင့် အရှေ့ဘက်ခြမ်း မူးမြစ်အနီးရှိ ညောင်လှရွာ၊ ယဉ်ကျေးရွာနှင့် အင်ပင်ကျေးရွာများတွင် ရာနှင့်ချီသည့် စစ်ကောင်စီတပ်များက နေရာယူထားကြောင်း မှတ်တမ်းများ ရရှိထားပါသည်။

နိုဝင်ဘာ ၂၇ ရက်တွင် ဒီပဲယင်းမြို့နယ် အရှေ့ဘက်ရှိ ယဉ်ကျေးရွာစာသင်ကျောင်းသို့ စစ်ကောင်စီရဟတ်ယာဉ် ၅ စင်းဖြင့် အင်အား ၁၀၀ နီးပါးကို လာရောက်ပို့ဆောင်ခဲ့ပြီး နောက်တနေ့တွင် ညောင်လှကို ရဟတ်ယာဉ်သုံးစီးဖြင့် လာရောက်ပစ်ခတ်သွားသောကြောင့် အခြားရွာများသို့ ဒေသခံများပုန်းရှောင်နေရသည်။ ရွာခံ မျက်မြင်သက်သေမှ “၂၇ ရက်နေ့က ရဟတ်ယာဉ်ငါးစီးဖြင့် တလက်ဆက်ပစ်တာပါခင်ဗျာ။ ၄ နာရီ ၄ မိနစ် တံတားထိပ်နဲ့ ဘုန်းကြီးကျောင်းထိပ်ကို မဲပစ်တာပါ။ ရွာသားတစ်ယောက်ဆို တံတားထိပ်နားမှာ ချက်ချင်းဆုံးသွားတယ်။ ရွာသားတွေက ရွာကို မကပ်ရဲကြတော့ဘူး။ ရက်ရက်စက်စက်ကို ပစ်တာပါ" ဟု ပြောသည်။

စစ်ကောင်စီတပ်၏ ရန်ကြောင့် ဒီပဲယင်းအရှေ့ဘက်ရှိ အိမ်ခြေ ၁၀၀၀ နီးပါးရှိသည့် ယဉ်ကျေးရွာ၊ အိမ်ခြေ ၆၀၀ ခန့်ရှိသည့် မြင်းတန့ကျေးရွာ၊ အိမ်ခြေ ၄၀၀ နီးပါးရှိသည့် အင်ပင်ရွာ၊ အိမ်ခြေ ၃၀၀နီးပါးရှိသည့် ကိုင်းကံကျေးရွာများမှ ဒေသခံ ထောင်နှင့်ချီပြီး နီးစပ်ရာ ကျေးရွာများတွင် ရှောင်တိမ်းနေကြရသည်။

ဒေသခံတဦးမှ "ရဟတ်ယာဉ်ကြောင့် အိမ်တွေပျက်စီးဆုံးရှုံးတာက ပြည်သူတွေက ဘယ်သူမှ ပြန်မဝင်ရဲသေးတဲ့အချိန်ဖြစ်လို့ မီးရှို့ထားတာတော့မြင်ရတယ်။ ဘယ်သူ့အိမ် ပျက်စီးသွားတာတော့ အတိအကျစာရင်းထွက်မလာသေးပါဘူး။ ပြည်သူတွေလည်း ထိခိုက်သေဆုံးတာလည်းရှိပေမဲ့ အတိအကျစာရင်းမကောက်နိုင်သေးပါ။ အခုလောလောဆယ် စစ်ကြောင်းတောက်လျှောက် ထွက်နေလို့ ပြည်သူတွေက တစ်ရွာကို ပြေးလာတယ်။ အဲဒီရွာကို စစ်ကြောင်းတက်လာတယ်၊ ဒါကြောင့် နောက်တစ်ရွာကို ဆက်ကူးနေရလို့ စာရင်းမကောက်နိုင်သေးတဲ့အခြေအနေပါ။ စစ်ပြေးလာတာကြောင့် စားနပ်ရိက္ခာအခက်အခဲရှိရှိပါတယ်" ဟု ဆိုသည်။

## ဘုန်းကြီးကျောင်းအတွင်း

## တပ်စွဲမှု

ဒီဇင်ဘာလ ၁၄ ရက်နေ့က သရက်ချောင်းမြို့နယ်၊ ပိန်းတောကျေးရွာ မှန်ကျောင်းဘုန်းကြီးကျောင်းမှာ စစ်ကောင်စီတပ်က တပ်စွဲဖို့ လာရောက်သည်ကို ဆရာတော်က လက်မခံသောကြောင့် ကျောင်းပိုင်ကားနှစ်စီးကို သိမ်းဆည်းသွားခဲ့သည်။

ဒီဇင်ဘာလ ၉ ရက်နေ့တွင်လည်း လောင်းလုံးမြို့နယ်၊ ကည့်ကျွန်းရွာ ရွာလယ်ကျောင်းမှာ စစ်ကောင်စီတပ်က တပ်လာစွဲတာကို လက်မခံတဲ့အကြောင်း ပြောခဲ့တဲ့ သံဃာတော်တစ်ပါးကို ဖမ်းဆီးခဲ့သည်။ "စစ်တပ်လာစွဲတာနဲ့ ပတ်သတ်ပြီး ကျောင်းက သံဃာတွေနဲ့ သူတစ်ခွန်း ကိုယ်တစ်ခွန်း စကားအချေအတင်ဖြစ်ကြသေးတယ်။ မနက်ကျတော့ စစ်ဆေးစရာရှိလို့ဆိုပြီး ဖမ်းသွားတာပဲ" လို့ ဒေသခံတစ်ဦးက ပြောသည်။

# ၁၆ ရက်တာ လှုပ်ရှားမှုအတွင်း လူ့အခွင့်အရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းစီစဉ်ခဲ့သည့် စကားဝိုင်းဆွေးနွေးပွဲများ




၇ ဒီဇင်ဘာ

### အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ လက်နက်သဖွယ်အသုံးချမှု ရပ်တန့်ရေး

ဆွေးနွေးသူများ
နိုင်ကောင်းရွက် (MSICC) (ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး)၊ ဦးအောင်ဆန်းမြင့် (အတွင်းရေးမှူး၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)၊ Mai Leng Kee (ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင်၊ အမျိုးသမီးကော်မတီဝင်၊ ချင်းအမျိုး သားတပ်ဦး)

Moderator - ဒေါ်ခင်လေး (Women Advocacy Coalition - Myanmar)




၈ ဒီဇင်ဘာ

### တော်လှန်ရေးမှသည် တရားမျှတမှုဆီသို့

ဆွေးနွေးသူများ
ဦးအောင်မျိုးမင်း (လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)၊ နော်စူစန်နာလှလှစိုး (အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)၊ ဦးရည်မွန် (ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)၊ လွေးပိုးငယ် (Women's League of Burma)၊ ကိုမိုးယံသွေး (Generation Wave)၊ ကိုမိုးသူ (စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးအထွေထွေသပိတ်ကော်မတီ)

Moderator - ကိုသက်ဆွေဝင်း (Synergy)




၁၀ ဒီဇင်ဘာ

### မညီမျှမှုများကို လျှော့ချလို့ လူ့အခွင့်အရေးကို မြှင့်တင်စို့

ဆွေးနွေးသူများ
ဦးအောင်ကျော်မိုး (လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အကြံပေး)၊ စိုင်းလော်ဆိုင် (လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ)၊ မမူစဲ (ကျေးလက်မြေအမျိုးသမီးအဖွဲ့)၊ စိန်နန်းကြည် (ခ) ဘိုစိန် (Ayeyarwaddy Youth Network)

Moderator - ပိုင်ဖြိုးသု (သရုပ်ဆောင်)

ကျွန်တော်တို့ NUG အစိုးရအနေနဲ့ ပြည်သူတွေအားလုံးရဲ့ အမှန်တရားကို ဖော်ဆောင်နိုင်ဖို့အတွက် တရားမျှတမှုနှင့် တရားစီရင်မှု လုပ်ဆောင်နိုင်ဖို့အတွက် ICC အပါအဝင် ICJ နောက်တစ်ခါ အခုပေါ်ပေါက်နေတဲ့ အာဂျင်တီးနား အပါအဝင် တကယ်တရားခုံရုံးများနဲ့ ပူးပေါင်းဖို့ အဆင်သင့်ရှိပါတယ်၊ နောက်ထပ်လည်း မြန်မာနိုင်ငံမှာ ရာဇဝတ်မှုမျိုးစုံကို ကျူးလွန်နေတဲ့ စစ်ကောင်စီများကို နောက်ထပ် ဘယ်တရားရုံးမှာမဆို အမှုဆွဲနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းလျက် ရှိပါတယ်၊ ရာဇဝတ် ကျူးလွန်နေတဲ့ မြေမရှိအောင် အပြစ်က ကင်းလွတ်ပြီး လွတ်မြောက်နေတဲ့ အစဉ်အလာ မရှိအောင် ကျွန်တော်တို့ လုပ်ဆောင်လျှက်ရှိပါတယ်၊

**ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း**

စစ်ကောင်စီရာဇဝတ်မှုများ - နိုင်ငံတကာခုံရုံးသို့ တောင်းဆိုရေးစကားဝိုင်းမှ






# စစ်ကောင်စီ ရာဇဝတ်မှုများ – နိုင်ငံတကာ ခုံရုံးသို့ တောင်းဆိုရေး စကားဝိုင်း ဆွေးနွေးပွဲ

Global Myanmar Spring Revolution - ကမ္ဘာလုံးဆိုင်ရာ မြန်မာ့နွေဦးတော်လှန်ရေးမှ စီစဉ်တင်ဆက်သည့် "စစ်ကောင်စီ ရာဇဝတ်မှုများ - နိုင်ငံတကာခုံရုံးသို့ တောင်းဆိုရေး" စကားဝိုင်း ဆွေးနွေးပွဲကို ဒီဇင်ဘာလ (၄) ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

အာဏာသိမ်းမှု (၁၀) လကျော်ကာလအတွင်း စစ်အုပ်စုက ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများကို ဖုံး၍ မရနိုင်လောက်အောင် သက်သေများ ရှိနေပြီးဖြစ်သည့်အတွက် တရားမျှတမှုရှိလာစေရန်နှင့် နောက်ထပ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တားဆီးနိုင်ရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ်လိုအပ်ကြောင်းကို စကားဝိုင်း ဆွေးနွေးပွဲတွင် လူ့အခွင့်ရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ခွန်းဗဟန်းထန် (လူ့အခွင့်ရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး) ၊ Janelle Saffin Janelle Saffin (New South Wales လွှတ်တော် Lismore မြို့နယ်ကိုယ်စားပြုအမတ်၊ ဩစတြေးလျ လေဘာပါတီ)၊ အက်စတာဇေနော (လူမှု တရားမျှတရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူ)၊ ဒေါက်တာ နန်းစီစီဝင်း (ဩစတြေးလျရောက် မြန်မာ့အရေး တက်ကြွလှုပ်ရှားသူ) နှင့် နေမျိုးစတီဗင်ဟန် (GMSR ကိုယ်စားလှယ်) တို့ပါဝင်ဆွေးနွေးခဲ့ကြပြီး အစီအစဉ်တင်ဆက်သူ အဖြစ် နေထက်ဝင်း (GMSR- GenZ) မှ ဆောင်ရွက်ခဲ့ပါသည်။

## ပြစ်ဒဏ်ကင်းလွတ်ခွင့်အလေ့အထ အမြစ်ပြတ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ် စကားဝိုင်း ဆွေးနွေးပွဲ

လူ့အခွင့်အရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်သည် ဒီဇင်ဘာလ ၆ ရက်နေ့တွင် Women Alliance Burma မှ စီစဉ်သော "ပြစ်ဒဏ် ကင်းလွတ်ခွင့် အလေ့အထ အမြစ်ဖြတ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် လက်ရှိတော်လှန်ရေးကာလ အတွင်း အမျိုးသမီး အကြမ်းဖက်ခံရမှုများနှင့် ပတ်သက်၍ တက်ရောက်ဆွေးနွေးခဲ့သည်။



(နိုင်ငံတစ်ခုမှာ) ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း တရားစီရင်ရေးအရသော်လည်းကောင်း သူ့နိုင်ငံအခြေအနေရ ဘယ်လိုမှ တရားစီရင်မှုမလုပ်နိုင်ဘူး ဆိုရင် နိုင်ငံတစ်ခုကနေ ကြားနာပေး စစ်ဆေးပေးပြီးတော့ တရားစွဲဆိုနိုင်တဲ့ ဆင့်ခေါ်စာတွေ လုပ်နိုင်တဲ့ အခြေအနေမှာရှိတယ်။ ဒါကြောင့်မလို့ လက်ရှိ မြန်မာနိုင်ငံ အခြေအနေအရ တရားစီရင်ရေး အပိုင်းမှာဘယ်လိုမလုပ်ဆောင်နိုင်ဘူး၊ ပြည်သူတွေကိုလည်း မကာကွယ်နိုင်တော့ဘူး ဖြစ်တဲ့အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ပြည်သူလူထုတွေ လက်ရှိခံစားနေရတဲ့ ချိုးဖောက်ခံရမှု အချက်အလက်တွေကို သေချာစုစည်းပြီးမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အနေနဲ့ တစ်နိုင်ငံချင်းနဲ့သော်လည်းကောင်း ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့အစည်းနဲ့ သော်လည်းကောင်းပူးပေါင်းဆောင်ရွက်နေတာတွေရှိပါတယ်။



ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်
" စစ်ကောင်စီ ရာဇဝတ်မှုများ နိုင်ငံတကာခုံရုံးသို့ တောင်းဆိုရေး"စကားဝိုင်းမှ

# လူငယ်များ ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

▸▸ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းတွင် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ဆန္ဒပြလူငယ်များကို ဒီဇင်ဘာ ၅ နံနက် ၈ နာရီ ကျော်အချိန်တွင် အကြမ်းဖက်စစ်တပ်က စစ်ကားဖြင့် တိုက်သတ်ခဲ့ပြီး ကားဖြင့်တိုက်၍ လူငယ် ၃ ဦး ပွဲချင်းပြီး ကျဆုံးခဲ့ရသည်။ လူငယ်တစ်ဦးမှာ သေနတ်ကျည်ထိ၍ သွေးလွန်ပြီး ကျဆုံးခဲ့ရသည်။

▸▸ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်းတွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသော ပြည်သူများကို စစ်တပ်က စစ်ကားဖြင့် တိုက်၍ သတ်ဖြတ်စဉ် Myanmar Press Photo Agency (MPA) မှ သတင်းထောက် ၂ ဦးလည်း ဒဏ်ရာရရှိပြီး အမျိုးသမီး သတင်းထောက်မှာ ဒဏ်ရာ အလွန်ပြင်းထန်ကြောင်း သိရှိရပြီး ၂ ဦးစလုံးမှာ အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးခြင်း ခံထားရသည်။

▸▸ မန္တလေးမြို့တွင် ဒီဇင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ပြုလုပ်မည့် သပိတ်စစ်ကြောင်းသို့ သွားရောက်ပူးပေါင်းမည့် လူငယ်သုံးဦး စုရပ်သို့အသွားလမ်းတွင် စစ်ကောင်စီ လက်နက်ကိုင်တပ်ဖွဲ့က ကားဖြင့် ဝင်တိုက်ပြီး သေနတ်ဖြင့် ပစ်ခတ်ကာ ဖမ်းဆီးခဲ့ခြင်းကြောင့် လူငယ်အမျိုးသမီးတစ်ဦး ဖမ်းဆီးခံလိုက်ရသည်။

▸▸ ပဲခူးတိုင်း၊ နတ္တလင်းမြို့နယ်ထဲမှာ ဒီဇင်ဘာ ၁၀ ရက် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် Silent Strike မြင်ကွင်းကို ကောင်းကင်ကနေ ဒရုန်းဖြင့်ရိုက်ကူးနေသည့် လူငယ်တစ်ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးပြီး စစ်ကြောရေးမှာ သေနတ်နဲ့ ပစ်ခတ်ခဲ့ သည်။

▸▸ မန္တလေးတွင် ဆိုင်ကယ်စီး လူငယ် ၄ ဦးကို ဒီဇင်ဘာလ ၁၁ ရက်နေ့ ညပိုင်းတွင် စစ်တပ်က ပစ်ခတ်ခဲ့ပြီး လူငယ် ၂ ဦး သေဆုံးသွားသည်။

▸▸ အသက် ၂၆ နှစ်အရွယ် ဓမ္မဆရာ ချင်းလူငယ် ဆလိုင်းငွေကြာသည် ဆောမြို့နယ်အတွင်း အကြမ်းဖက်စစ်အုပ်စုမှ ဖမ်းဆီးခြင်းခံခဲ့ရပြီး ညှဉ်းပန်းနှိပ်စက်ခံရခြင်းကြောင့် သေဆုံးခဲ့သည်။

▸▸ တနင်္သာရီတိုင်း ထားဝယ်မြို့ မြို့တွင်းရပ်ကွက်တွင် လူငယ်တစ်ဦးကို အကြမ်းဖက်စစ်အုပ်စုမှ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီးနောက် အဆက်အသွယ်ရှိသူ (၆)ဦးကို နေအိမ်တွင် ထပ်မံ ဖမ်းဆီးသွားကြောင်း သိရှိရသည်။

# စစ်ကိုင်းတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

➡ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် တင်ငုပ်ကြီးကျေးရွာတွင် ဗကသများအဖွဲ့ချုပ် ဗဟိုကော်မတီဝင်ဟောင်း ကိုနှင်းအောင်ကို စစ်တပ်နှင့် ပျူစောထီးပူးပေါင်းအဖွဲ့က ဒီဇင်ဘာလ ၃ရက်နေ့တွင် ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည်။ ကိုနှင်းအောင်သည် စစ်အာဏာရှင်စနစ်ကို တွန်းလှန်တိုက်ဖျက်ရင်း၊ ပြည်သူ့တာဝန်များကို ထမ်းဆောင်ရင်း အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုကြောင့် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျဆုံးခဲ့သည်။

➡ စစ်ကိုင်းတိုင်း ကလေးမြို့နယ်တွင်လည်း ဒေသခံ နှစ်ဦးကို အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့များက မီးရှို့သတ်ဖြတ်ခဲ့သည်။ ဒီဇင်ဘာ ၄ ရက်နေ့ စစ်ကိုင်းတိုင်၊ ကလေးမြို့နယ်တွင် အသက် ၂၄ နှစ် အရွယ် သံဖိုရွာသား မောင်လားရိုမွာလ်ကိုလည်း အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့များက ကြိုးတုတ်မီးရှို့သတ်ဖြတ်ခဲ့သည်။ ဒီဇင်ဘာ ၅ ရက်နေ့ စစ်ကိုင်းတိုင်း ကလေးမြို့တွင် အကြမ်းဖက်စစ်အုပ်စုမှ ဖမ်းဆီးခြင်းကို ခံခဲ့ရသည့် အသက် ၅၄ နှစ်ခန့်အရွယ်ရှိ ချောင်းခွရွာသား ဦးငွန်နယ်ထန်းသည် မီးရှို့သတ်ဖြတ်ခြင်းခံခဲ့ရသည်။

➡ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ဒုန်းတောကျေးရွာမှ ကလေးသူငယ်များအပါအဝင် ကျေးရွာသား ၁၁ ဦးကို အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့များက ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်တွင် ဖမ်းဆီးပြီးနောက် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည်။ အဆိုပါကျေးရွာမှ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်ရှိသူ အသက် ၆၅ နှစ်အရွယ် ဒေါ်ဝင်းရီကို စစ်တပ်က သတ်ဖြတ်သွားပြီး အလောင်းကို ယမားတံတားအနီးတွင် ပြန်လည်တွေ့ရှိခဲ့ရသည်။

➡ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်မှ လုပ်သက် ၁၅ နှစ်ရှိ ကျောင်းဆရာသည် ကွမ်းခြံအငှားအလုပ်သမားအဖြစ် လုပ်ကိုင်နေစဉ် အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကိုခံရပြီး ရက်ပိုင်းအတွင်း သေဆုံးခဲ့သည်။ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများကို လက်လှမ်းမီသမျှ လေ့လာမှတ်တမ်းတင်နေသော နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ကျောင်းဆရာဦးလှိုင်ဝင်း စစ်ကြောရေးတွင် သေဆုံးသည့်အကြောင်း ဒီဇင်ဘာ ၉ တွင် ထုတ်ပြန်ခဲ့သည်။

➡ စစ်ကိုင်းတိုင်း ဒီပဲယင်း နဂါးတွင်းကျေးရွာသို့ အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့များ ဝင်ရောက်စီးနင်းတပ်စွဲခဲ့ပြီးနောက် ဒီဇင်ဘာလ ၁၀ ရက်နေ့က ပြန်လည်ထွက်ခွာသွားရာတွင် သတ်ဖြတ်ခံထားရသည့် ပြည်သူ ၆ ဦး၏ ရုပ်အလောင်းများကို တွေ့ရှိရသည်။ အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့များမှ သတ်ဖြတ်သွားသည့် ပြည်သူ ၆ ဦးမှာ ဦးသန်းထွေး၊ ဦးကျော်ဝင်း၊ ကိုမိုး၊ ဦးကံညွန့်၊ ကိုတိုးနှင့် ဦးဇော်ဝင်းတို့ ဖြစ်သည်။ ကျေးရွာရှိနေအိမ်များကိုလည်း အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များက ဖျက်ဆီးသွားခဲ့သည်။

➡ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ကျားရွာကျေးရွာတွင် လူ ၈ ဦး သတ်ဖြတ်ခံရပြီး ပျူစောထီးလက်ချက်ဟု ဒေသခံများက ပြောဆိုသည်။ သေဆုံးသူပြည်သူ ၈ ဦးမှာ ဦးမြင့် (၆၇ နှစ်)၊ ကိုအောင်ခိုင် (၂၇ နှစ်)၊ ကိုကျော်ထက်အောင် (၁၆ နှစ်)၊ ကိုအောင်မျိုးနိုင်( ၂၇ နှစ်)၊ ကိုဇင်မင်းထက် (၁၇ နှစ်)၊ ကိုမျိုးမြင့် (၂၀ နှစ်)၊ ကိုဇော်ထက်အောင် (၁၉ နှစ်)၊ ကိုပြည့်ဖြိုးသူ (၁၇ နှစ်) တို့ ဖြစ်သည်။